# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

March 8 , 2023 Volume 64, Number 5


| ၈.၃.၂၀၂၃ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၅၅ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၇၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၃၂.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၀.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၂၅.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၄.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၃.၀၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၆၂၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၁.၄၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၈.၉၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၈၁၇ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ရန်ကုန်ဈေးကွက်အတွင်း ဆန်အဝယ်လိုက်လို့ ဈေးအနည်းငယ်တက်လာနိုင်




ရန်ကုန်ဈေးကွက်အတွင်း တင်ပို့ရောင်းချနေတဲ့ ဧရာဝတီတိုင်းဒေသကြီးထွက် ဆန်ဈေးနှုန်းများ အဝယ်လိုက်မှုတွေကြောင့် ဈေးအနည်းငယ် မြင့်တက်လာနိုင်တယ်လို့ ပုသိမ်မြို့နယ် ဆန်နှင့်စပါးရောင်းဝယ်ရေး လုပ်ငန်းရှင်များအသင်းထံမှ သိရပါတယ်။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ကနေ ရန်ကုန်တိုင်းဒေသကြီး ဈေးကွက်ထံ အဓိက တင်ပို့ရောင်းချနေရာမှ ဇန်နဝါရီလအတွင်းက ဆန်တစ်တင်းခွဲ(၂၄ ပြည်ဝင်) အိတ်ရေ ၁၆၅,၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့သလို ဖေဖော်ဝါရီလအတွင်းမှာလည်း ဆန်တစ်တင်းခွဲ(၂၄ ပြည်ဝင်) အိတ်ရေ ၂၀၅,၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

"ရန်ကုန်မြို့ဈေးကွက်ကနေဆန်အိတ်တွေအဝယ်လိုက်နေပါတယ်။ လက်ရှိအဝယ်လိုက်လာသလို ဈေးကလည်း အနည်းငယ်မြင့်တက်လာနိုင်ပါတယ်။ ဆန်အိတ်ရေများများတင်ပို့လာရတာကြောင့် ကုန်သည်လုပ်ငန်းရှင်တွေအပြင် တောင်သူတွေ၊ ကုန်တင်ကုန်ချလုပ်သားတွေ အဆင်ပြေလာတယ်"လို့ ပုသိမ်မြို့နယ် ဆန်နှင့်စပါးရောင်းဝယ်ရေးလုပ်ငန်းရှင်များအသင်းမှ ဈေးကွက်ရှာဖွေရေးတာဝန်ခံက ပြောကြားထားပါတယ်။

လက်ရှိရန်ကုန်လက်လီဈေးကွက်အတွင်းမတ်လ ၁ ရက်နေ့မှ ၅ ရက်နေ့အထိ အများပြည်သူစားသုံးနေတဲ့ ဆန်ဈေးဟာပုသိမ်ဆင်းသုခ ၂၄ ပြည်ဝင်တစ်အိတ်ကို ကျပ် ၆၂၀၀၀ ၊ မြောင်းမြ မနောသုခ ၂၄ ပြည်ဝင် တစ်အိတ်ကို ကျပ် ၆၆၀၀၀၊ ဆင်းသွယ်အသစ် ၂၄ ပြည်ဝင်တစ်အိတ်ကိုကျပ် ၆၈၀၀၀ ၊ ဆင်းသွယ်ဟောင်း ၂၄ ပြည်ဝင် တစ်အိတ်ကိုကျပ် ၇၄၀၀၀ ၊ ပေါ်ဆန်းရိုးရိုး ၂၄ ပြည်ဝင်တစ်အိတ်ကိုကျပ် ၇၂၀၀၀ ၊ ပုသိမ်ပေါ်ဆန်းမွှေး ၂၄ ပြည်ဝင် တစ်အိတ်ကို ၇၈၀၀၀ ကျပ်၊ ဖျာပုံပေါ်ဆန်း ၂၄ ပြည်ဝင်တစ်အိတ်ကို ကျပ် ၈၂၀၀၀ ၊ မြောင်းမြ ပေါ်ဆန်းမွှေးတစ်အိတ်ကို ကျပ် ၈၄၀၀၀ ၊ ဘေးကြားတောင်ပျံ ၂၄ ပြည်ဝင်တစ်အိတ်ကို ကျပ် ၈၆၀၀၀၊ ဧရာရွှေဘို အသစ် ၂၄ ပြည်ဝင် တစ်အိတ်ကို ကျပ် ၉၀၀၀၀ ၊ ရွှေဘိုပေါ်ဆန်းမွှေးသစ် ၂၄ ပြည်ဝင်တစ်အိတ်ကို ကျပ် ၉၄၀၀၀ နဲ့ ရွှေဘိုအိုးဝင်ထိပ်သစ် ၂၄ ပြည်ဝင် တစ်အိတ်ကို ကျပ် ၉၆၀၀၀ အထိ အသီးသီးပေါက်ဈေးရှိနေတယ်လို့ ရန်ကုန် လက်လီရောင်းဝယ်ရေး ကုန်စည်ဒိုင်တစ်ဦးထံမှ သိရပါတယ်။

အထက်ပါ မတ်လပထမအပတ် ဈေးနှုန်းအရဖေဖော်ဝါရီလထက်စာရင် ဆန်ဈေးနှုန်းဟာ ၂၄ ပြည်ဝင်တစ်အိတ်ကို ငွေကျပ် ၂၀၀၀ ကနေ ၄၀၀၀ ကျပ်အထိဈေးနှုန်းအကျရှိခဲ့တယ်လို့လည်း ၎င်းက MFN ကို ပြောပါတယ်။

သို့ပေမယ့် လက်လီဈေးကွက်အတွင်း အခြေခံပြည်သူများစားသုံးလျက်ရှိသော ဆန်ဈေးနှုန်းများမှာ ၂၄ ပြည်ဝင် ဆန်တစ်အိတ်ကို ကျပ် ၅၀၀၀၀ နဲ့အထက်မှာ ရှိနေဆဲဖြစ်တဲ့အတွက် အခြေခံပြည်သူတွေအတွက် ဈေးအမြင့်နဲ့ပေးဝယ် နေရဆဲဖြစ်တယ်လို့ လှိုင်သာယာမြို့နယ် အိမ်ရှင်မတစ်ဦးကဆိုထားပါတယ်။ "သူတို့ကသာ ဈေးကျတယ်ပြောနေကြတာ။ ဘာမှဈေးမကျပါဘူး၊ ရိုးရိုးပေါ်ဆန်းဆန်တစ်ပြည်တောင် ကျပ် ၂၈၀၀ ၊ ၃၀၀၀ အစရှိသဖြင့် ပေးဝယ်နေရတာပါ"လို့ ၎င်းက ပြောပါတယ်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်းပြည်ပသို့ ဆန်တန်ချိန် နှစ်သန်းတင်ပို့ရန်လျာထားပြီး လက်ရှိတွင် လျာထားချက်ပြည့်မီရန် တန်ချိန် သုံးသိန်းခန့်သာ လိုတော့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှသိရသည်။

**Source: MFN**

**ဤဆောင်းပါးကို MFN မှကူးယူဖော်ပြပါသည်။**

**https://t.me/htwettoe**

## လွယ်ဂျယ်နှင့်ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်မှ မတ်လ ၃ ရက်နေ့များအတွင်း တင်ပို့ခဲ့သောပို့ကုန်၏ ငွေပမာဏ စုစုပေါင်းတန်ဖိုးမှာ ၈၈၉၃၄၃၅.၂၃ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပြီး၊ သွင်းကုန်၏စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ၈၇၈၉၄၉.၈၄ ကန်ဒေါ်လာ တင်သွင်းမှုရှိခဲ့ပါသည်။

တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ပဲယင်း၊ မြေထောက်ပဲ၊ ဆန်၊ ပဲတီစိမ်း၊ မြေပဲ၊ နှမ်းနက်၊ ကြိမ်၊ ငရုတ်သီး၊ ဖရဲသီးနှင့်ဆန်ကွဲများ တင်ပို့ခဲ့ကြောင်းသိရှိရပါသည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏသည် ၄၁၄၃၂၄၀.၂၃ ကန်ဒေါ်လာဖြစ်ပြီး၊ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏတန်ဖိုးမှာ ၄၇၅၀၁၉၅.၀၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ စက်နှင့်စက်ပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ လယ်ထွန်စက်များ၊ ကုန်ထုတ်စက္ကူများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ဓါတုဗေဒချည်ခင်များ၊ သားရေ/သားရေတုဖြင့်ပြုလုပ်သော ပစ္စည်းများ၊ ချည်ထည်များ၊ လျှပ်စစ်မီးသီးနှင့်မီးချောင်းများ၊ သံပိုက်၊ မြက်ခင်းတုနှင့် Empty Cargo Containner 45' Feet များတင်သွင်းမှုရှိခဲ့ပါသည်။ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၂၀၇၆၉၃ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၆၇၁၂၅၆.၈၄ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် ၀.၃၃၂ ယွမ်ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၃၀၁.၂၀ ကျပ်ရှိကြောင်း သိရှိရပါသည်။

Source: မနော‌မြေကုန်သွယ်မှုဇုံဌာန

## ကချင်ပြည်နယ်၏ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှု တစ်ပတ်အတွင်းနှိုင်းယှဉ်မှု

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်မှ မတ်လ ၃ ရက်နေ့အတွင်း ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေး စခန်းနှင့်လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တင်ပို့ခဲ့သည့်ကုန်ပစ္စည်းများအနေဖြင့် တစ်သျှူးငှက်ပျော၊ ပဲယင်း၊ မြေထောက်ပဲ၊ ဆန်၊ ပဲတီစိမ်း၊ မြေပဲ၊ နှမ်းနက်၊ ကြိမ်၊ ငရုတ်သီး၊ ဖရဲသီးနှင့် ဆန်ကွဲများတင်ပို့ခဲ့ပြီး ပို့ကုန်၏ငွေပမာဏမှာ

၈၈၉၃၄၃၅.၂၃ ကန်ဒေါ်လာတင်ပို့ခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်မှ ၂၄ ရက်နေ့ထိ တင်ပို့ကုန်၏ ငွေပမာဏ ၆၄၁၁၂၁၉.၉၄ ကန်ဒေါ်လာနှင့် ကာလတူတင်ပို့ကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၂၄၈၂၂၁၅. ၂၉ ကန်ဒေါ်လာ တန်ဖိုး ပိုမို၍တင်ပို့မှုရှိခဲ့သည်ကို တွေ့ရပါသည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်မှ မတ်လ ၃ ရက်နေ့အတွင်း စက်နှင့် စက်ပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ လယ်ထွန်စက်များ၊ ကုန်ထုတ်စက္ကူများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ပလပ်စတစ် ကုန်ကြမ်းပစ္စည်းများ၊ ဓါတုဗေဒချည်ခင်များ၊ သားရေ/သားရေတုဖြင့် ပြုလုပ်သောပစ္စည်းများ၊ ချည်ထည်များ၊ လျှပ်စစ် မီးသီးနှင့်မီးချောင်းများ၊ သံပိုက်၊ မြက်ခင်းတုနှင့် Empty Cargo Containner 45’ Feet များတင်သွင်းခဲ့ပြီး သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ၈၇၈၉၄၉.၈၄ တင်သွင်းခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်မှ ၂၄ ရက်နေ့ထိ တင်သွင်းကုန်၏ ငွေပမာဏ ၄၈၄၃၈၅.၂၀ ကန်ဒေါ်လာနှင့် ကာလတူတင်သွင်းကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၃၉၄၅၆၄.၆၄ ကန်ဒေါ်လာတန်ဖိုး ပိုမို၍တင်သွင်းခဲ့သည်ကို တွေ့ရပါသည်။

တင်ပို့ကုန်နှင့်တင်သွင်းကုန်တို့၏ ငွေပမာဏများအားနှိုင်းယှဉ်ကြည့်ရာ တင်ပို့ကုန်၏ငွေပမာဏမှာ ၈၀၁၄၄၈၅.၃၉ ကန်ဒေါ်လာပိုမိုပြီး ကုန်သွယ်မှုပြုနိုင်ခဲ့ကြောင်း ကုန်သွယ်မှုစာရင်းများအရ တွေ့ရပါသည်။ ငွေလဲနှုန်းများမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် ၀.၃၃၂ ယွမ် ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၃၀၁.၂၀ ကျပ်ရှိကြောင်း သိရှိရပါသည်။

Source: မနော‌မြေကုန်သွယ်မှုဇဟိုဌာန

## ဖေဖော်ဝါရီလအတွင်း ပြည်ပသို့ ဆန်၊ ဆန်ကွဲ မက်ထရစ်တန်ချိန် ၁၆၅၅၀၃ တန် တင်ပို့

ပြီးခဲ့သည့် ဖေဖော်ဝါရီလတွင် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှု မက်ထရစ်တန်ချိန် ၁၆၅၅၀၃ တင်ပို့ခဲ့ပြီး ဇန်နဝါရီလထက် တင်ပို့မှုလျော့ကျခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်သည့် ဆန်နှင့်ဆန်ကွဲများကို ပင်လယ်ရေကြောင်းနှင့် နယ်စပ်လမ်းကြောင်းမှ တစ်ဆင့် တင်ပို့ရောင်းချနေခြင်းဖြစ်သည်။

ဖေဖော်ဝါရီလတွင် မက်ထရစ်တန်ချိန် ၁၆၅၅၀၃ တန် တင်ပို့ခဲ့ပြီး ဇန်နဝါရီလတွင် ၂၇၅၂၁၆ တန် တင်ပို့ခဲ့ကြောင်း စာရင်းများအရသိရသည်။ ဖေဖော်ဝါရီလတွင် ပြည်ပကို ဆန်တင်ပို့နေသည့်ကုမ္ပဏီပေါင်း (၅၁) ခုရှိပြီး၊ တင်ပို့မှုတွင် ပင်လယ်ရေကြောင်းမှ ၁၁၇၈၆၈ မက်ထရစ်တန်နှင့် နယ်စပ်လမ်းကြောင်းမှ ၄၇၆၃၅ မက်ထရစ်တန် တင်ပို့ခဲ့သည်။

မြန်မာဆန်များအား တရုတ်၊ ဘယ်လ်ဂျီယံ၊ အီတလီ၊ ရိုမေးနီးယား၊ စပိန်၊ ပိုလန်၊ နယ်သာလန်အစရှိသည့် နိုင်ငံတွေကို တင်ပို့နေခြင်းဖြစ်သည်။

**Source: https://www.popularmyanmar.com/?p=106500**

## နိုင်ငံခြားငွေဖြင့် အခွန်ပေးဆောင်သူများ နိုင်ငံပိုင်ဘဏ်များတွင် အခွန်ပေးသွင်းရမည်

နိုင်ငံခြားငွေဖြင့် အခွန်ပေးဆောင်ရသူများအနေဖြင့် မြန်မာ့စီးပွားရေးဘဏ် (MEB)၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်း ရောင်းဝယ်ရေးဘဏ်(MICB)၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှု (MFTB) စသည့် နိုင်ငံပိုင်ဘဏ်များတွင်သာ နိုင်ငံခြားငွေစာရင်း ဖွင့်လှစ်ပြီး အခွန်ပေးသွင်းရမည်ဖြစ်ကြောင်း ဗဟိုဘဏ်မှ သိရသည်။


နိုင်ငံပိုင်မဟုတ်ဘဲ ပုဂ္ဂလိကဘဏ်နှင့် နိုင်ငံခြားဘဏ်ခွဲများတွင်ငွေစာရင်းဖွင့်လှစ်ထားပါက အခွန်ဆောင်ရမည့် နိုင်ငံခြားငွေကို မြန်မာ့စီးပွားရေးဘဏ် (MEB) ထံ ရရှိသည့် နိုင်ငံခြားငွေအတိုင်း လွှဲပြောင်းပေးရမည်ဖြစ်ကြောင်း သိရသည်။

အဒေီ လိုင်စင်ရဘဏ်များအနေဖြင့် နိုင်ငံခြားငွေရရှိသူ ပေးဆောင်ရမည့်အခွန်ငွေကို မြန်မာကျပ်ငွေတန်ဖိုးသင့်ပြီး Payment Order ထုတ်ပေးခြင်းအစား မြန်မာ့စီးပွားရေးဘဏ်ထံ အသုံးပြုလွှဲပို့ပေးရမည်ဟု အသိပေးကြေညာထားကြောင်း သိရသည်။

ယင်းအပြင် အခွန်ငွေများပေးဆောင်ရာတွင်လည်း ပြည်တွင်းနေ နိုင်ငံခြားသားများအနေဖြင့် နိုင်ငံခြားငွေအား ကျပ်ငွေအဖြစ် လဲလှယ်ရမည်ဖြစ်ပြီး ပြည်ပနေ နိုင်ငံခြားသားဖြစ်ပါက ရရှိသည့်ငွေကြေးအမျိုးအစား(နိုင်ငံခြားငွေ)ဖြင့် အခွန်ပေးဆောင်ရမည်ဟု သတ်မှတ်ထားကြောင်း သိရသည်။

**Source:** **[https://t.me/sdtimedaily](https://t.me/sdtimedaily)**

## ဆန်နှင့်ဆန်ကွဲ ပြည်ပတင်ပို့မှု လျော့ကျခဲ့




Source: MRF

ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်း ဆန်နဲ့ဆန်ကွဲ ပြည်ပတင်ပို့မှုဟာ ၁၉၁၄၀၄ မက်ထရစ်တန်သာရှိခဲ့ပြီး ဇန်နဝါရီလအတွင်း တင်ပို့မှုနဲ့ယှဉ်ရင် ၇၇၄၃၁ တန် လျော့ကျခဲ့တယ်လို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ရဲ့ သတင်းထုတ်ပြန်ချက်အရ သိရပါတယ်။

ဇန်နဝါရီလအတွင်းတုန်းက ဆန်နဲ့ဆန်ကွဲပြည်ပတင်ပို့မှုဟာ ၂၀၂၂ ဧပြီလကစလို့ ၁၀ လအတွင်း အမြင့်ဆုံးထိဖြစ်ခဲ့ပေမဲ့ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်းမှာတော့ တင်ပို့တဲ့ကုမ္ပဏီ ၃ ခုတိုးလာပေမဲ့ တင်ပို့တဲ့အရေအတွက်တော့ လျော့ကျသွားခဲ့တာပါ။ နောက်ဆုံး ၄ လအတွင်း အနည်းဆုံး တင်ပို့နိုင်မှုလည်းဖြစ်ပါတယ်။ ပြည်ပဝင်ငွေအနေနဲ့တော့ ဇန်နဝါရီလနဲ့ယှဉ်ရင် အမေရိကန်ဒေါ်လာ ၃၁ သန်းလျော့ကျသွားတာ ဖြစ်ပါတယ်။

ဆန်ကော၊ ဆန်ကွဲကော အများဆုံးတင်ပို့ခဲ့တာကတော့ အရင်လကအတိုင်း မပြောင်းလဲဘဲ တရုတ်နိုင်ငံပဲဖြစ်ပါတယ်။ ဆန်တင်ပို့တဲ့နိုင်ငံအရေအတွက်မှာတော့ ယခုလအတွင်း တစ်နိုင်ငံတိုးလာခဲ့ပြီး ဆန်ကွဲတင်ပို့တဲ့နိုင်ငံကတော့ တစ်နိုင်ငံလျော့ကျသွားတာတွေ့ရပါတယ်။

ဆန်ကွဲဝယ်ယူမှုထိပ်ဆုံး ၅ နိုင်ငံစာရင်းကတော့ အထက်အောက်အနည်းငယ်ပြောင်းလဲသွားတာကလွဲရင် နိုင်ငံတွေက အရင်လကအတိုင်း မပြောင်းလဲခဲ့ဘဲ ဆန်ဝယ်ယူမှုမှာတော့ အရင်လတွေတုန်းက အများအပြားဝယ်ယူလေ့ရှိတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က ဝယ်ယူမှုက ထိပ်ဆုံး ၅ နိုင်ငံ စာရင်းထဲမှာတောင် ပါဝင်လာခြင်းမရှိတော့ဘူးလို့ သတင်းထုတ်ပြန်ချက်အရ သိရပါတယ်။

ကမ္ဘာ့ဆန်ဈေးဟာ ပြီးခဲ့တဲ့ သီတင်းပတ်တွေမှာ ဆက်တိုက်ဆိုသလိုတက်နေခဲ့ပြီး လက်ရှိ ပြည်တွင်းဆန်ဈေးကွက်မှာလည်း အတက်ဈေးတွေနဲ့သာ ငြိမ်နေတယ်လို့ ဈေးကွက်သတင်းဖော်ပြချက်တွေအရ သိရပါတယ်။

ကမ္ဘာ့ဆန်တင်ပို့မှုထိပ်သီး အိန္ဒိယနိုင်ငံကတော့ ပြည်တွင်းဆန်ဈေးတည်ငြိမ်အောင် ဆက်လက်ထိန်းသိမ်းနိုင်ဖို့အတွက် ပြည်ပဆန်တင်ပို့မှုအပေါ် အခွန်တိုးမြှင့်ထားတာ၊ ပိတ်ပင်ကန့်သတ်ထားတာတွေကို ဆက်လက်ထားရှိသွားမယ်လို့ ပြောကြားထားပါတယ်။ ဒီလိုကန့်သတ်ပိတ်ပင်မှုတွေ ကြားထဲကတောင်မှ ၂၀၂၂ ခုနှစ်အတွင်း ပြည်ပဆန်တင်ပို့မှုဟာ စံချိန်တင် မြင့်တက်ခဲ့သေးတယ်လို့ သိရပါတယ်။

**"အစိမ်းရောင်လမ်းမှ ကူးယူဖော်ပြပါသည်"**

Source: MRF

[http://bit.ly/greenwaymyanmar](http://bit.ly/greenwaymyanmar)

# STOCK EXCHANGE (8.3.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 8th Mar. 2023

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 787 (Shares) | 3,038,150 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,300 | +100 | +1.22% | 8,200 | 8,300 | 8,200 | 224 | 1,851,900 | 33,109,694 | 274,811 |
| MTSH | 00002 | 3,250 | +0 | +0.00% | 3,200 | 3,250 | 3,200 | 11 | 35,700 | 38,929,150 | 126,520 |
| MCB | 00003 | 7,500 | +0 | +0.00% | 7,500 | 7,500 | 7,500 | 0 | 0 | 10,400,986 | 78,007 |
| FPB | 00004 | 1,650 | +0 | +0.00% | 1,650 | 1,650 | 1,650 | 333 | 549,450 | 29,664,613 | 48,947 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,650 | 2,700 | 2,650 | 205 | 543,500 | 12,823,224 | 33,982 |
| EFR | 00006 | 2,700 | +100 | +3.85% | 2,700 | 2,700 | 2,700 | 5 | 13,500 | 19,977,223 | 53,939 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 9 | 44,100 | 10,497,598 | 51,438 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 8th Mar. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 378.89 | +3.01 | +0.80% | 374.78 | 378.89 | 374.78 | 787 | 3,038,150 | 7 | 667,644 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 8th Mar. 2023

| Trading Volume | Trading Value |
|---|---|
| 787 (Shares) | 3,038,150 (MMK) |

## Main Board

As of 1:00 pm, 8th Mar. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 787 (Shares) | 3,038,150 (MMK) |

| MYANPIX | 378.89 ▲ 3.01 |
|---|---|
| Total Volume (shares) | 787 |
| Total Value (MMK) | 3 mil |
| Listed Company | 7 |
| Market Cap. (MMK) | 667,644 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,300 | ▲ 100 |
| MTSH | 00002 | 3,250 | ▲ 0 |
| MCB | 00003 | 7,500 | ▲ 0 |
| FPB | 00004 | 1,650 | ▲ 0 |
| TMH | 00005 | 2,650 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 100 |
| AMATA | 00007 | 4,900 | ▲ 0 |